မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council
PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910
E-mail : blcsan@ksc.th.com  Website : www. blc-burma.org

# အင်းစိန်အကျဉ်းထောင်အတွင်း ပစ်ခတ်မှုကြောင့် အကျဉ်းသား ၃၆ ဦး သေဆုံးမှုအပေါ် ဥပဒေကြောင်းအရ ထုတ်ပြန်ကြေငြာချက်

## ဖြစ်စဉ်အကျဉ်း

– မေလ ၂ ရက်နေ့က တိုက်ခိုက်သည့် နာဂစ် ဆိုင်ကလုံးမုန်တိုင်းကြောင့် အဆောင် ၁ ခေါင်မိုးလန်သွားရာ အချုပ်သားများက မိုး၊ လေ လွတ်ရာသို့ ပြောင်းရွှေ့ပေးရန် အော်ဟစ်တောင်းဆိုရာမှ ထောင်ဝန်ထမ်း ၁၀၀ ခန့် အဆောင်အတွင်းသို့ဝင်ကာ အကြမ်းဖက်ရိုက်နှက်ဖြေရှင်းသဖြင့် အချုပ်သားများက အဆောင်ကို မီးရှို့ခြင်းဖြစ်သည်ဟု ဆိုသည်။[၁]

– မေလ ၃ ရက် စနေနေ့မနက် နာဂစ်မုန်တိုင်းတိုက်ခိုက်ရာမှာ ရန်ကုန် အင်းစိန်ထောင်လည်း တိုက်ခိုက်ခံရပြီး ထောင်မကြီးခေါင်မိုးနှင့် အကာတွေလွင့်ထွက်ပေမယ့် အမိုးအကာ လုံခြုံရေး အာဏာပိုင်တွေက စီစဉ်မပေးတာကြောင့် အကျဉ်းသားတွေက အအေးဒဏ်သက်သာဖို့ မီးလှုံရာက မီးလောင်မှုဖြစ်ပြီး တဆက်တည်း ပစ်ခတ်မှုဖြစ်ပွားသည်ဟုဆိုသည်။ အကျဉ်းသား ၃၆ ဦး သေဆုံး ၇၀ ကျော် ဒဏ်ရာရသည်ဟုဆိုသည်။[၂]

– မီးလှုံရာကနေ လေတိုက်တဲ့အတွက် မီးလောင်မှုဖြစ်တယ်၊ မီးလောင်မှုဖြစ်တာကို ဝန်ထမ်းတွေက မီးငြိမ်းမပေးဘဲ မိန်းဂျေးပေါ်ကနေ သေနတ်တွေနဲ့ ဝိုင်းပစ်တယ်ဟုဆိုသည်။[၃]

## ဥပဒေအရ သုံးသပ်ချက်

– **အကျဉ်းထောင်တွင် စုပေါင်းတိုက်ခိုက်ခဲ့လျှင် (သို့) အပြင်တံခါးမကြီးကိုသော်လည်းကောင်း၊ ခြံခတ်ထားသည့် အုတ်နံရံများအား တွန်းချိုးဖျက်ဖေါက်ထွင်းလျှင် လက်နက်အသုံးပြုခွင့်ရှိသည်**[၄] ဟု ပြဌာန်းထားပါလျက် ပစ်ခတ်မှုကြောင့် အကျဉ်းသား ၃၆ ဦး သေဆုံးမှုသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ အရလူသတ်မှုကို ကျူးလွန်ခြင်းဖြစ်သည်။

– **မဟာန့်တားပါက အသက်ဘေး၊ ကိုယ်အင်္ဂါချွတ်ယွင်းထိခိုက်ခြင်း၊ အပြင်းအထန်နာကျင်စေမည် ဟု ယုံကြည်ရန် အကြိုးသင့်၊ အကြောင်းသင့်ဖြစ်မှသာ လက်နက်အသုံးပြုခွင့်ရှိသည်**[၅] ဟု ပြဌာန်းထားသည်။ လက်တုန့်ပြန်မှုမရှိသော အကျဉ်းသားများကို ပစ်ခတ်သတ်ဖြတ်ခြင်းသည် ရာဇဝတ်မှုကို ကျူးလွန်ခြင်းဖြစ်ပေသည်။

---

[၁] ဧရာဝတီ အင်တာနက် မဂ္ဂဇင်း ကိုသက် မေ ၅၊၂၀၀၈

[၂] ဒီဗွီဘီ ၅ မေ ၂၀၀၈ –နောစေးဖေါ

[၃] ဒီဗွီဘီ ၅ မေ ၂၀၀၈ ဦးသားညွန့်ဦး

[၄] ၁၈၉၄ ခုနှစ် အကျဉ်းထောင်များ လက်စွဲ အပိုဒ် ၃၁၇ (ခ)

[၅] ၁၈၉၄ ခုနှစ် အကျဉ်းထောင်များ လက်စွဲ အပိုဒ် ၃၁၇ (ဂ)

- **လက်နက်အသုံးပြု၍ ဟန့်တားခဲ့လျှင် အဖွဲ့ခေါင်းဆောင်အား ဖယ်ရှားပစ်ရန် ဆောင်ရွက်ရမည်** [၆] ဟူသောပြဌာန်းချက်ကို ချိုးဖေါက်ပြီး အကျဉ်းသားများကို သတ်ဖြတ်နှိမ်နင်းခြင်းသာဖြစ်သည်။
- သို့ဖြစ်၍ ဥပဒေမဲ့ ပစ်ခတ်သတ်ဖြတ်ခဲ့သည့် ဝန်ထမ်းများအား နအဖ မှ အရေးယူဆောင်ရွက်ခဲ့ခြင်း မရှိသဖြင့် –

  **(၁) အကျဉ်းသားများအား ပစ်ခတ်သတ်ဖြတ်ခဲ့မှုအပေါ် ICRC မှ စုံးစမ်းစစ်ဆေးပေးရန်၊**

  **(၂) သေဆုံးခဲ့သည့်အကျဉ်းသားများ၏ လူ့အခွင့်အရေးဆုံးရှုံးမှုကို လူ့အခွင့်အရေးကော်မရှင် မှ အရေးယူဆောင်ရွက်ပေးရန် သဘောထားထုတ်ပြန်ကြေငြာအပ်သည်။**

ဥပဒေရေးရာသုံးသပ်ရေးအဖွဲ့
မြန်မာနိုင်ငံရှေ့နေများကောင်စီ

နေ့စွဲ – မေ (၈) ရက် ၂၀၀၈ ခုနှစ်

**အသေးစိပ်သိလိုပါလျှင် –**

ဦးမျိုး တာဝန်ခံ၊ ဥပဒေရေးရာသုံးသပ်ရေးအဖွဲ့၊ မြန်မာနိုင်ငံရှေ့နေများကောင်စီ။ (ဖုံး – ၀၈၆ ၂၁၆၀၁၀၈)

---

[၆] ၁၈၉၄ ခုနှစ် အကျဉ်းထောင်များ လက်စွဲ အပိုဒ် ၃၃၆